The Mirror

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (3-1-2005) (၄၄၆၇)

ဒို့တာဝန် အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ကာကွယ်စောင့်ရှောက်

နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန် အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်ခဲ့တယ်။ နိုင်ငံတော်ရဲ့သမိုင်းကို ပြန်ကြည့်ရင် ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်ဟာ မကြာခဏ ဒုက္ခပေးခဲ့ကြောင်း တွေ့ရတယ်။ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိရမှာဖြစ်တယ်။ ပြည်ထောင်စုကြီးပြိုကွဲသွားရင် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ ဆုံးရှုံးသွားမှာပဲဖြစ်တယ်။ ဒါ့ကြောင့် ဒို့တစ်တွေဟာ ပြည်ထောင်စုမပြိုကွဲရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြရတာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၆)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေး အပြုသဘော ပါဝင်ပူးပေါင်းဆောင်ရွက်နေသကဲ့သို့

ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေး နိုင်ငံတော်အစိုးရနှင့် ခိုင်ခိုင်မြဲမြဲလက်တွဲကြိုးပမ်း

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ⇨

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃–၁–၂၀၀၅
(တနင်္လာနေ့)

ဒို့တာဝန်အရေးသုံးပါး ထာဝစဉ်ဦးထိပ်ထား လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်လာခဲ့သည်။

သို့ရာတွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရဖူးသည်။ သူ့ကျွန်မခံလိုသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နည်းလမ်းမျိုးစုံတို့ဖြင့် တွန်းလှန်တိုက်ပွဲဝင်ဆင်နွှဲခဲ့မှုကြောင့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သော်လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း သံသယဝင်ကာ ပြည်တွင်းသောင်းကျန်းမှုအမြစ်တွယ်ကျန်ရစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နိုင်ငံတော်ကိုပြိုကွဲစေရန် ကိုလိုနီနယ်ချဲ့နှင့်အဖျက်သမားတို့က ကြံစည်လုပ်ဆောင်ကြသည့်အခါတိုင်း ပြည်တွင်း၊ ပြည်ပအဖျက်ရန်စွယ်အန္တရာယ်ဟူသမျှကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ရဲရင့်ပြောင်မြောက်စွာ ရင်ဆိုင်တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြသည်သာ ဖြစ်သည်။

ယင်းကဲ့သို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးတို့က အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်စွန့်စားလျက် ရယူခဲ့ရသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းသည် ယခုအခါ (၅၇)နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။

ထို့ကြောင့် ဘိုးဘွားများ အစဉ်အဆက်ရယူတည်ဆောက်ပေးခဲ့သည့်လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုကိုချစ်မြတ်နိုးသည့်စိတ်ဓာတ်တို့ဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့်အမျိုးသားရေး မူဝါဒများသည် ပစ္စုပ္ပန်ကာလတွင်ရော၊ အနာဂတ်ကာလ၌ပါ စွဲမြဲယုံကြည်ခိုင်မာလေးနက်စွာ ဦးလည်မသုန် ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်များပင် ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ ပါဝင်ကြိုးပမ်းမှုဖြင့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အောင်မြင်မှုရလဒ်ကောင်းများ၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မှုအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်အတူ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားအနုပညာ၊ အမျိုးသားပညာရေး၊ အမျိုးသားကျန်းမာရေးဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့က အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ဦးထိပ်ထားကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် လက်တွဲညီညီကာကွယ်စောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဇန်နဝါရီ ၁ ရက်က ပညာရေးဝန်ကြီးဌာန ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းများကို စိန်ရတုခန်းမ၌ ပြသထားရာ အများပြည်သူများ လေ့လာကြည့်ရှုကြစဉ်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အထပ်သားစက်ရုံ၊ သစ်စက်များနှင့် စံပြကျွန်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီဇင်ဘာ ၃၁ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၄)အထပ်သားစက်ရုံသို့ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ စက်ရုံမှူး ဦးခင်အောင်နှင့် တာဝန်ရှိသူများက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်လုံးမှ သစ်ပါးလွှာများထုတ်လုပ်မှု၊ အထပ်သားအဖြစ် ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ပြည်ပပို့ရန် ထုပ်ပိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ပုသိမ်မြို့ရှိ အမှတ်(၃၃) သစ်စက်သို့ ရောက်ရှိ၍ စက်ရုံအတွင်းစက်လည်ပတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

စံပြကျွန်းစိုက်ခင်း

ဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရေကြည်မြို့နယ် သီတာကုန်းပြင်ကျေးရွာရှိ အမှတ်(၁၀၆) သစ်စက်သို့လည်းကောင်း၊ အင်္ဂပူမြို့နယ် နန်ကသူကျေးရွာရှိ အမှတ်(၃၁)နှင့် အမှတ်(၁၂၆) သစ်စက်များသို့လည်းကောင်း ရောက်ရှိပြီး သစ်ခွဲသားထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်္ဂပူမြို့နယ်အတွင်းရှိ စံပြကျွန်းစိုက်ခင်းနှင့် မြန်အောင်မြို့နယ်အတွင်းရှိ စံပြကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ကြံခင်းမြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ်(၁)ရှိ ကျွန်းအထူးစိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် ဝန်ကြီးသည် ကြံခင်းမြို့ရှိ အမှတ်(၁၀၅)သစ်စက်နှင့် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂၃) သစ်စက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် ခရီးစဉ်အတွင်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလေအလွင့် မရှိစေရေး၊ စိုက်ခင်းလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်အောင်မြို့နယ် ၂၀၀၄–၂၀၀၅ စံပြကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် ဦးထွန်းအောင်–(Dr.ဒေါ်လွင်နှင်းဆီ)နှင့် သား၊သမီးများ ဖြစ်ကြသော ခင်အောင်၊ မင်းအောင်၊ မျိုးမျိုးအောင်၊ မိုးမိုးအောင်၊ သင်းအောင် မိသားစု အမှတ်(၅၂၅) A1 မာလာမြိုင်ရိပ်သာ ပြည်လမ်း ကမာရွတ်က ငွေကျပ်တစ်သိန်းကို ဦးရှိန်ဝင်း (ဥက္ကဋ္ဌ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် သီရိလမ်း အမှတ်(၄)နေ ကွယ်လွန်သူဖခင် ဦးကျစ်၊ မိခင် ဒေါ်ထိုက်ထိုက်တို့အားရည်စူး၍ ဦးတင့်လွင်၊ ဒေါ်မြမြအေး၊ ဒေါ်ခင်မာဆွေ၊ ဒေါ်ဝေဝေလှိုင်တို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီးတည်ဆောက်ရန် ငွေကျပ် ၁၁၀၀၀၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ဒီဇင်ဘာ ၁၉ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

မြန်မာ့စိတ်ဓာတ်

☆ သူ၏ခြံတွင်း၊ ပန်းတစ်ခင်းကို
ဝမ်းတွင်း ခုံမင်၊ လောဘယှဉ်၍
ပန်ဆင်ဖို့ဝေး၊ သူမပေးလျှင်
ကြူမွှေးရနံ့၊ ဘယ်သို့ပျံ့လည်း
သန့်ခနဲပင်၊ မရှိုက်ချင်ပြီ
တို့လျှင် မြန်မာစိတ်ဓာတ်တည်း။

☆ သူ၏အိမ်တွင်း၊ သူ့သားချင်းတို့
ငြင်းခုံဆွေးနွေး၊ အရေးရေးကို
သွေးထိုးရန်များ၊ မဆိုထားနှင့်
ကိုယ့်အားပြုံးပျော်၊ မဖိတ်ခေါ်လျှင်
မလျော်စက်အိပ်၊ တံစက်မြိတ်မျှ
တဆိတ်ခိုဝင်၊ မနားချင်သည်
တို့လျှင် မြန်မာစိတ်ဓာတ်တည်း။

☆ သူ၏ပန်းခင်း၊ ချင်ခြင်းမတပ်
သူ့ရပ်သူ့ရွာ၊ လော်မာမကျူး
အထူးဆင်ခြင်၊ သမိုင်းစဉ်ဝယ်
တို့လျှင်မြန်မာ၊ ပီသပါသို့
တို့ရွာတို့ရပ်၊ အမြတ်ထုတ်ရန်
လိမ်ဉာဏ်လှည့်ပတ်၊ မချဉ်းကပ်နှင့်
မြတ်နိုးစရာ၊ တို့ ရိုးရာနှင့်
ညီညာသွေးနှီး၊ တို့ လူမျိုး၏
ညှိုးနွမ်းဂုဏ်သိန်၊ အရောင်မှိန်အောင်
တို့အိမ်တွင်းရေး၊ ရှုပ်လိမ်ထွေးအောင်
သွေးသားမစပ်၊ တစ်ပါးရပ်မှ
ချဉ်းကပ်သူအား၊ သတိထားလေ
ကိုယ့်အားကိုယ့်မာန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်
နက်ဖြန်အတွက်၊ ခရီးဆက်ဖို့
တွဲလက် ခိုင်မာ သင့်ပြီတကား။ ။

မြင်းမူမောင်နိုင်မိုး

လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင် အခမ်းအနားကို နံနက် ၄နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နံနက် ၇နာရီတွင်လည်းကောင်း ကျင်းပသည်။

အဆိုပါ အခမ်းအနားများ လေ့ကျင့်ရာသို့ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆပ်ကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်နှင့် ဆပ်ကော်မတီဝင်များ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလေးပြုပွဲ

အစီအစဉ်အရ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင် အခမ်းအနားကို ကျင်းပပြီးနောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ (ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့ နေရာယူခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့ ပြန်လည်ထွက်ခွာခြင်းတို့ကို ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၂၁) အခန်း(၄)နေ နှစ်ဖက်သော အဘိုးအဘွားများနှင့် ဖခင် ဦးအေးမောင်၊ မိခင် ဒေါ်တင်ယုံတို့အား ရည်စူး၍ ဒေါ်အေးအေးမြင့် (ဒု–ညွှန်ကြားရေးမှူး–ငြိမ်း) နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် မြေး မမိုးမိုး–ကိုဖြူတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် ငွေကျပ်သိန်း ၂၀ ကို ရွှေရတု တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရထံ အနုမောဒနာခံယူပြီး ရေစက်ချ၍ တိ=နိ ရန်ကုန်ဌာန အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့တော် ရေပေးဝေရေးစီမံကိန်း မြို့တော်ဝန်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး၊ စစ်ဆေးရေးဌာန–ဌာနမှူး ဦးဇော်ဝင်း လိုက်ပါလျက် ယနေ့နံနက်က မှော်ဘီမြို့နယ် အထယု ကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

မြို့တော်ဝန်နှင့်အဖွဲ့အား အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်၊ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ စီမံကိန်းများအဖွဲ့ ခေါင်းဆောင် ဒုတိယဌာနမှူး ဦးစိန်ဝင်း တို့က အနည်ထိုင်ကန် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပိုင်ရိုက်နေမှု၊ ရေသန့်စင်ကန် တည်ဆောက်နေမှု၊ မြေများ သန့်စင်နေမှုများကို လိုက်လံပြသသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကလီထော်(အနောက်)ကျေးရွာ အနီးတွင် ငမိုးရိပ်ချောင်းဖြတ် ရေငုတ်ပြွန် Syphone တည်ဆောက်ရန် မြေသားတူးဖော်နေမှုကို စစ်ဆေးရာ ရေငုတ်ပြွန်တည်ဆောက်ရေး တာဝန်ခံဌာနခွဲမှူး အင်ဂျင်နီယာ ဦးလှထွန်းက ရေငုတ်ပြွန် တည်ဆောက်ရန်အတွက် ဆောင်ရွက်နေမှုနှင့် ငမိုးရိပ်ချောင်းမကြီးမှတစ်ဆင့် ဆက်သွယ်မည့် ရေခေါ်တူးမြောင်းများ ဖောက်လုပ်နေမှုကို လက်တွေ့ ရှင်းလင်းတင်ပြသည်။

(ဝဲပုံ) (၁၉)

ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် နှုတ်ဖြေလူတွေ့စစ်ဆေးမည်

ရန်ကုန် ဇန်နဝါရီ ၂

ဧည့်လမ်းညွှန် အခြေခံသင်တန်း အမှတ်စဉ်(၂၉)၊ (၃၀)၊ (၃၁)တို့မှ လိုင်စင်အရည်အချင်း စစ်ဆေးမှုတွင် 'ဂ'အဆင့်ရရှိခဲ့သူများနှင့် ဧည့်လမ်းညွှန် အခြေခံသင်တန်း အမှတ်စဉ်(၃၂)နှင့် အမှတ်စဉ်(၃၃)တို့တွင် သင်တန်း တက်ရောက် အောင်မြင်ပြီးသူများအား ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ရန်အတွက် နှုတ်ဖြေဆန်းစစ်ခြင်း စာမေးပွဲများကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၅ရက်မှစတင်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဧည့်လမ်းညွှန်သင်တန်းကျောင်း၌ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

တူရကီတွင် ဘိန်းဖြူ ဖမ်းဆီးရမိ

အန်ကာရာ ဒီဇင်ဘာ ၃၁

တူရကီနိုင်ငံအရှေ့ဘက်ပိုင်းတွင် ဘိန်းဖြူ ၁၅၀ ကီလိုဂရမ်ကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိကြောင်း အစိုးရတစ်ပိုင်းသတင်းဌာနဖြစ်သည့် အန်နာတိုလီနီရာက ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဘိန်းဖြူများကို ဖမ်းမိသောနေရာမှာ အာဂရီပြည်နယ်၏ မြို့တော် ဂါဇင်တက်၏အနောက် တောင်ဘက်ရှိ အဝေးပြေးလမ်းမပေါ်တွင်ဖြစ်သည်။ အဆိုပါ မူးယစ်ဆေးဝါးများကို အနံ့ခံခွေးများ၏အကူအညီဖြင့် ကုန်တင်ကား တစ်စီးပေါ်မှ ဖမ်းဆီးရမိခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

အခင်းဖြစ်ပွားမှုကြောင့် လူခြောက်ဦးတို့ကို ဖမ်းဆီးလိုက်သည်။ မှုခင်းကို ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ပွာ။

အီရတ်တွင် ခုခံတိုက်ခိုက်သူများ၏ စွမ်းရည်ပိုမိုထက်မြက်လာ ၂၀၀၄နှစ်ကုန်ပိုင်း လေးလအတွင်း ကန်တပ်ဖွဲ့ဝင် ၃၄၈ဦး သေဆုံး

ဝါရှင်တန် ဒီဇင်ဘာ ၃၀

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောက်ကျားများက တိုက်ခိုက်ခဲ့မှုအတိုင်းအတာ၊ ကန်တပ်ဖွဲ့ဝင် သေဆုံးသူနှင့် ဒဏ်ရာရရှိသူဦးရေများကို ကြည့်ခြင်းအားဖြင့် အီရတ်နိုင်ငံ၏အခြေအနေသည် နွေရာသီနောက်ပိုင်းတွင် ပိုမိုဆိုးရွားလာကြောင်း သိရှိရသည်။

ဖော်ပြပါအခြေအနေများက အီရတ်နိုင်ငံ၏ ပဋိပက္ခအခြေအနေကို အပြည့်အစုံ ဖော်ပြနိုင်ခြင်း မရှိသော်လည်း အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်မှုစွမ်းရည် ပိုမိုထက်မြက်လာကြောင်းကို ထင်ဟပ်လျက်ရှိနေသည်။ အမေရိကန်တပ်ဖွဲ့အင်အား တိုးမြင့်လာသကဲ့သို့ပင် ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုစွမ်းရည်မြင့်မားလာပြီး အီရတ်ပြည်သူများထံမှ အကူအညီများလည်း ပိုမိုရရှိနေသည်။

ဥပမာအားဖြင့် ယခုနှစ်ကုန်ပိုင်း လေးလကျော်ကာလအတွင်း သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၃၄၈ဦးထက်မနည်းရှိနေပြီး အမေရိကန်က အီရတ်နိုင်ငံအား ၂၀၀၃ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အလားတူကာလအတွင်း သေဆုံးခဲ့သည့်ဦးရေထက် ပိုမိုများပြားလျက်ရှိသည်။

ထိခိုက်ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၀၀၀၀ကျော်ရှိသွားပြီဖြစ်ရာ လွန်ခဲ့သည့်လေးလကာလအတွင်း တိုက်ရိုက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူဦးရေထက် ကျော်လွန်သွားပြီဖြစ်သည်။ အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှု အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ် မေ ၁ရက်တွင် ကြေညာခဲ့စဉ်ကာလက အမေရိကန်တပ်ဖွဲ့ဝင် ၅၄၂ဦးသာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၀၄ခုနှစ်အတွင်း အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၈၃၈ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်က ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။ ၎င်းတို့အနက်မှ တပ်ဖွဲ့ဝင် ၈၀၀ကျော်သည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ၁၉၈၀ပြည့်နှစ်နောက်ပိုင်းကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ စစ်မြေပြင်တွင် အများဆုံးသေဆုံးသည့် အရေအတွက်ပင်ဖြစ်သည်။

အင်တာနက်။

ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသနေပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ကြွစွာဆောင်ရွက်

ရန်ကုန်　　ဇန်နဝါရီ　　၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ညောင်ရွှေမြို့နယ်နှင့် တောင်ကြီးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညောင်ရွှေမြို့နယ် အင်းလေးဒေသ နန်းသဲကျေးရွာအုပ်စုရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ (၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)၏ ပတ္တမြားနဂါးကုမ္ပဏီလီမိတက်၏ နန်းသဲစိုက်ပျိုးရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စုပေါင်းရုံး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အတူ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ တပ်မတော် အရာရှိကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၈နာရီတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုလမ်းမရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စုပေါင်းရုံး တည်ဆောက်မည့်နေရာသို့ ရောက်ရှိသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ပြည်နယ်၊ ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စုပေါင်းရုံးတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နန်းသဲစိုက်ပျိုးရေး

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့ ကမ်းနားလမ်းရှိ ဖောင်တော်ပြန်ဆိပ်သို့ ရောက်ရှိကြပြီး စက်တပ်ရေယာဉ်များဖြင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသနန်းသဲကျေးရွာအုပ်စုရှိ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)၏ ပတ္တမြားနဂါး ကုမ္ပဏီလီမိတက်၏ နန်းသဲစိုက်ပျိုးရေးစခန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အထူးဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များ၊ ပတ္တမြားနဂါးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား နဂါးခန်းမ၌ ပတ္တမြားနဂါးကုမ္ပဏီလီမိတက် နန်းသဲစိုက်ခင်း အထွေထွေမန်နေဂျာ ဦးခွန်ကျော်လွင်က မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်မှုအခြေအနေ၊ နန်းသဲစံပြစိုက်ခင်းလုပ်ငန်းနှင့် စိုက်ခင်းအခြေအနေ၊သဘာဝကျွန်းရိုင်းတောမြေများကို စိုက်ပျိုးရရှိနိုင်သည့် ကျွန်းပေါင်သေပုံစံ စိုက်ခင်းပေါင်များ ဖော်ထုတ်၍ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးလုပ်ကိုင်နေမှု၊ စပါးစိုက် မြေနေရာများ ဖော်ထုတ်နေမှု၊ သီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် နန်းသဲဟိုတယ်တည်ဆောက်ခြင်း စီမံကိန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရော်ဘာစိုက်ပျိုး

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မိမိအဖွဲ့အစည်းအတွက် ရေရှည်အကျိုးရှိစေသည်သာမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် ရော်ဘာစိုက်ပျိုးရန် မှာကြားလိုကြောင်း၊ ရော်ဘာသီးနှံမှာ ဈေးကောင်းရရှိပြီး ကမ္ဘာတွင် ဝယ်လိုအားကောင်းသည့် သီးနှံဖြစ်ကြောင်း၊ နယ်မြေဒေသရှိ ပြည်သူများ အလုပ်အကိုင်များ တိုးပွားလာစေပြီး အင်းလေးကန် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ နုန်းပို့ချမှု တားဆီးကာကွယ်နိုင်သည့်အပြင် အင်းလေးကန်၏ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့မှုအတွက်ပါ အထောက်အကူပြုစေနိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

တိုးချဲ့စိုက်ပျိုးရန် မှာကြား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် နန်းသဲစိုက်ပျိုးရေးစခန်းအတွင်း စိုက်ပျိုးထားသော စက်မှုကုန်ကြမ်းဖြစ်သည့် ဆိုးဆေးပင်(New Gardenia Net)၊ပြည်တွင်းသစ်ခွနှင့် နိုင်ငံခြားသစ်ခွ၊ နှင်းဆီပျိုးခင်း၊ ဒေသလိမ္မော်ပင်၊ ကြက်သွန်နီနှင့် ဂေါ်ရခါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စပျစ်ပင်၊ ကော်နှင့်ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် ညောင်ရွှေမြို့နယ် တီလောစခန်းကြီးကျေးရွာအုပ်စု နန်းသီတာကျေးရွာရှိ ဣန္ဒြိတ်ကုမ္ပဏီမိသားစု၏ စိုက်ပျိုးရေးခြံသို့ရောက်ရှိကြပြီး ခြံထွက်သီးနှံများဖြစ်သည့် ပန်းလိမ္မော်၊ Sunkist နှင့် ဒေသလိမ္မော်သီးများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စိုက်ပျိုးရေးခြံ ဧည့်ခန်းမ၌ စိုက်ပျိုးရေးခြံမန်နေဂျာ ဦးသန်းစိုးအေးက Country Farm စပျစ်သစ်သီးဝလံခြံ၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစား၊ အဓိက စိုက်ပျိုးသည့် သီးနှံများနှင့် ရေရရှိသုံးစွဲမှု အခြေအနေ၊ အဓိကသီးနှံ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် Country Farm စပျစ်သစ်သီးဝလံခြံအတွင်း စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းနေသည့် လိမ္မော်ပင်များနှင့်စပျစ်ပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် တောင်ကြီးမြို့နယ် ရွှေညောင်နန်းကွတ်ကျေးရွာရှိ တက်ချောင်ကြက်စာထုတ်လုပ်ရေးနှင့် ဥစားကြက်မွေးမြူရေးခြံသို့ရောက်ရှိကြရာ ခြံပိုင်ရှင် ဒေါက်တာသိန်းစိန်နှင့်ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ခြံပိုင်ရှင် ဒေါက်တာသိန်းစိန်က ခြံအတွင်းမွေးမြူထားသည့် ဥစားကြက်ကောင်ရေ၊ ကြက်စာစက်ရုံမှ ကြက်စာထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေနှင့် ကြက်ဥများ ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် ကြက်မွေးမြူရေးခြံများကိုလည်းကောင်း၊ ဈေးကွက်တင်ပို့ရန်အတွက် ကြက်ဥ အကြီး၊ အသေး ရွေးချယ်ထုပ်ပိုးနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (အေးသာယာ) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တာဝန်ယူတည်ဆောက်လျက်ရှိသော ဧဒင်အုပ်စုကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ပေ ၂၅၀၀အရှည်နှင့်တစ်ဖက်လျှင် ၁၈ပေ အကျယ် နှစ်လမ်းသွား တက္ကသိုလ်အဝင် မော်တော်ကားလမ်းဖောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်း ဆောင်ရွက်ရန်မှာကြားပြီး သုံးထပ်ပင်မဆောင်နှင့် စာသင်ဆောင်များတည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အရာရှိ၊ စစ်သည်နှင့် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသနေ ပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ကျရာ အခန်းကဏ္ဍက တက်ကြွစွာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တက်ရောက်လာကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

ယင်းနောက် အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးစိုင်းခမ်းလှိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဝင်းမြင့်နှင့် ဆရာဝန် ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဆေးရုံအတွင်းရှိ ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းမြင့်က အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီး၏ တိုးချဲ့ သုံးထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာ၌ လူတိုင်း လူတိုင်း ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည် နေထိုင်လိုကြကြောင်း၊ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များအနက် ပထမအချက်ဖြစ်သည့် ကျန်းမာရေးနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေးရေးလုပ်ငန်းသည် အထိရောက်ဆုံး အကျိုးအရှိဆုံးဖြစ်၍ ပြည်သူများ၏ ကျန်းမာရေးအသိပညာ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရအောင် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများအထိ သွားရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရန် မှာကြားလိုကြောင်း။

ကြိုတင်ကာကွယ်

ဒုတိယအချက်ဖြစ်သည့် ကာကွယ်ရေးလုပ်ငန်းများကိုလည်း မိမိတို့နိုင်ငံတွင် ဒေသအလိုက်၊ ရာသီအလိုက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ တောင်ကြီးမြို့နယ် ရွှေညောင်နန်းကွတ်ကျေးရွာရှိ တက်ချောင်ကြက်စာထုတ်လုပ်ရေးနှင့် ဥစားကြက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၄မှအဆက်

ဖြစ်တတ်သည့် ရောဂါများ၊ အခြားအဖြစ်များသည့် ရောဂါများ မဖြစ်ပွားစေရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

တတိယအချက်ဖြစ်သည့် ကုသရေးအပိုင်း ပိုမိုထိရောက်စေရေးအတွက်ကိုလည်း ခေတ်မီဆေးပညာရပ်များကို အမြဲမပြတ် ဆည်းပူးသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၏ တိုးချဲ့သုံးထပ်ဆောင် ဆောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်အေးကြည်စိန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်အေးကြည်စိန်က ဆေးရုံ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားပြီး တောင်ကြီးမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်မှ ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး သဘာဝဓာတ်ငွေ့အရောင်းဆိုင်စစ်ဆေး
သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် ယာဉ်စီးခ ထက်ဝက်သက်သာ

ရန်ကုန် ဇန်နဝါရီ ၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ပလိပ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်သို့ ရောက်ရှိလာပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း တာဝန်ရှိသူများက မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနိုင်မှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်(Compressor)အခြေအနေ၊ CNGအရောင်းဆိုင်နှင့် ပတ်သက်သည်များကိုရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မော်တော်ယာဉ်များ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ဖြည့်တင်းစဉ် စောင့်ဆိုင်းချိန် မကြာစေရေး ဂရုစိုက်ရန်၊ စက်ပစ္စည်းများ ကောင်းမွန်နေစေရေးအတွက် အမြဲမပြတ် စစ်ဆေးပြုပြင်အသုံးပြုရန်၊ လုပ်ငန်းများမရပ်တန့်စေရန်အတွက် Compressorအရန် ထားရှိရန်၊ လိုအပ်ပါက အသုံးပြုရန်အတွက် အရန်မီးစက်ထားရှိရန် စသည်ဖြင့် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ခရီးသည်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးသည်။

သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ပေးခြင်းဖြင့် ခရီးသွားပြည်သူများမှာ ယာဉ်စီးခ ထက်ဝက်ခန့်သက်သာစွာဖြင့် သွားလာလျက်ရှိသကဲ့သို့ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ပြည်တွင်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့ကို ဈေးနှုန်းချိုသာစွာဖြင့် အလုံအလောက်ဖြည့်တင်းနိုင်ပြီး စက်သုံးဆီဖြင့် မောင်းနှင်ခြင်းထက် ဝင်ငွေရရှိမှုမှာ စီးပွားရေးပိုမိုတွက်ခြေကိုက်ကြောင်း၊ ခရီးသွားပြည်သူများနှင့် ယာဉ်ပိုင်ရှင်များ၏ ပြောပြချက်များအရ သိရသည်။

ပလိပ်မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်တွင် မန္တလေး-ပလိပ်-စဉ့်ကိုင်-ကျောက်ဆည်-မြစ်သား-ကူမဲ-တံတားဦးမြို့ တို့သို့ ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းများမှ ခရီးသည်တင် မော်တော်ယာဉ်များကို နေ့စဉ် နံနက် ၃နာရီမှ ည၁၂နာရီအထိ သဘာဝဓာတ်ငွေ့ ဖြည့်တင်းရောင်းချပေးလျက်ရှိသည်။(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၄-၂၀၀၅ ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးမင်းစိန်၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းနှင့် (၂၄)ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

စက်မှုဖွံ့ဖြိုးရေးသုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

စက်မှုဖွံ့ဖြိုးတိုးတက်ရေးသုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကြို့ကုန်းရှိ ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုသုတေသနပညာရှင်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဖွံ့ဖြိုးတိုးတက်ရေးသုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စက်မှုဖွံ့ဖြိုးတိုးတက်ရေးသုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲမှတ်တမ်းကို အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သုတေသနပညာရှင်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများသည် ပင်မဆောင် မြေညီထပ်နှင့် ပထမထပ်တို့တွင် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးတိုင်း ပလိပ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်တွင် မော်တော်ယာဉ် သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅ ၇။ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၃၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၅၅ ၉။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၆:၀၅ ၁၀။ Discovery.
၆:၁၀ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း" (အပိုင်း-၅၅)**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ(ပထမနေ့) ဖွင့်ပွဲအခမ်းအနား(၁) (၉-၁၂-၂၀၀၄)
၇:၃၅ ၁၅။ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၅ ၁၆။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု (မျိုးချစ်စိတ်ဓာတ်)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ" (အပိုင်း-၂၆)**
၂၁။ **Tiger Cup ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ) (ဒုတိယပွဲစဉ်) (မလေးရှားနှင့်အင်ဒိုနီးရှား)**
၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

● ကျောဖုံးမှ

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ စတင်ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာ စိုင်းဆေးကော်က အမှာစကား ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) တွင် ချမှတ်ပေးခဲ့သည့် ဦးတည်ချက် (၇)ရပ်နှင့်အညီ အသင်းအဆင့်ဆင့်၏ တစ်နှစ်တာကာလ အကောင်အထည်ဖော်ခဲ့ကြသည့် လုပ်ငန်းဆောင်ရွက်ချက်များကို အခြေပြု ဆွေးနွေးခဲ့ကြကြောင်း၊ စုံညီအစည်းအဝေးများနှင့် အစုအဖွဲ့များ၏ နှီးနှောဖလှယ်ပွဲများတွင်လည်း ဒေသအသီးသီးက ကိုယ်စားလှယ်များက ဘက်စုံထောင့်စုံ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆွေးနွေးပြီး လက်တွေ့နယ်ပယ်တွင် တကယ်အကျိုးများစေမည့်ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြောင်း၊ထိုအစည်းအဝေးကြီးက ချမှတ်ပေးခဲ့သည့် ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသာမက ရည်မှန်းချက်

ကျိုင်းတုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစီလပ် တင်ပြချက်များနှင့်စပ်လျဉ်း၍ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

တူသော လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်ဦးတည်ချက် အကောင်အထည်ဖော်ရေး လုပ်ငန်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်းကို ဦးစွာတင်ပြလိုကြောင်း။

အကောင်အထည်ဖော်နေ

မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်ရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရာတွင် မဖြစ်မနေ ဆောင်ရွက်ရမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်နိုင်မှု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉) ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာ စိုင်းဆေးကော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရရှိလာခဲ့မှု အခြေအနေ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အခါမလပ် မိန့်ကြားခဲ့ကြောင်း၊ အထူးသဖြင့် နာယကကြီးအနေဖြင့် နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတွင် အဓိကအကျဆုံးသည် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်သည်ကို နိုင်ငံတော်



တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးမြင့် တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အစိုးရက ယုံကြည်ကြောင်းကိုမိန့်ကြားခဲ့ကြောင်း၊ နာယကကြီးအနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံး ညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ်စောင့် ရှောက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူများ၏ စီးပွားရေးခိုင်မာတောင့်တင်းမှုအတွက် ဆောင်ရွက်ရေး၊

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက် (၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲရေးတို့ကိုတိုက်တွန်းလမ်းညွှန်ခဲ့ကြောင်းဖြင့် ပြောကြားသွားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်စေရန် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက် အားတိုက်အကောင်အထည်

မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာကြည်စိုး တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖော်ရေးနှင့်စပ်လျဉ်း၍အဆိုပြု ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဇာလိုင်းဆိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ် အောင်မြင်စေရန် စွမ်းရည်စွမ်းအားအပြည့်ဖြင့်အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဆိုပြုဆွေးနွေးတင်ပြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဇာလိုင်းဆိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးပီတာသောင်းစိန်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အဆိုပြုဆွေးနွေးတင်ပြသည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်စေရန် အကောင်အထည်ဖော်ရေး အဆိုနှင့် စပ်လျဉ်း၍ ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစီလပ်ကလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ် အောင်မြင်စေရန် အကောင်အထည်ဖော်ရေး အဆိုနှင့် စပ်လျဉ်း၍ တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးမြင့်ကလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည့်အဆိုနှင့်စပ်လျဉ်း၍ မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာကြည်စိုးက လည်းကောင်း အသီးသီး ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်နန်းဆိုင်လီတို့က ထူးချွန်လူငယ်များအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ခရိုင် လေးခရိုင်သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၇၄သိန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းကျောက်တစ်ပ်က ပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးပီတာသောင်းစိန် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ဆောင်ရွက်ရန်လျာထားသည့်လက်တွေ့လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

လှူဒါန်းရာ ခရိုင်လေးခရိုင် ကိုယ်စား ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်က လက်ခံရယူသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ် မီးလင်းရေးအတွက် ငွေကျပ်သိန်း ၅၀၊ မြို့နယ် ၁၀ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၁၀၀၊ ကျိုင်းတုံမြို့နယ် ဝမ်စိုင်းကျေးလက်ဆေးပေးခန်းအတွက် ငွေကျပ် ၁၅သိန်း၊ မိုင်းခတ် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကျောင်းမှ ဆရာ၊ ဆရာမ လစာထောက်ပံ့ငွေအတွက် ငွေကျပ် လေးသိန်းနှင့် မိုးဆတ်မြို့နယ် ဝိန်းလိတ်ကျေးရွာ မီးလင်းရေးအတွက် ငွေကျပ်ငါးသိန်းတို့ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် သဘာပတိက ညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသူများ၏ ဆန္ဒကိုရယူကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ဆောင်ရွက်ရန် တင်ပြသည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြကာ အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကိုဇန်နဝါရီ၁၉ရက်မှ ၂၅ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ် လမ်း ၇၀နှင့် ၃၁လမ်းထောင့်ရှိမြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ယင်းညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၄ရက်မှ စ၍ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ခန်းမဆောင်၌ မှတ်ပုံတင်နိုင်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂ ရက်က သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာသစ်လုပ်ငန်း အမှတ်(၅) ပရိဘောဂစက်ရုံ မီးသတ်မွမ်းမံသင်တန်းဖွင့်ပွဲ၌ စက်ရုံမှူးက အမှာစကားပြောကြားစဉ်။

(သစ်တောရေးရာ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖြစ်ထွန်းတိုးတက်လာသည့် ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများ

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

မိုးအခါတွင် လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ခြင်း၊ ရေနုတ်ကွင်း လယ်မြေသစ်များ ဖော်ထုတ်နိုင်ခြင်း၊ နွေစပါးစိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေသည့် ပဲခူးတိုင်း ဝေါမြို့နယ်မှ ဖွဲ့ဘတ် ရေထိန်းတံခါးကို တွေ့ရစဉ်။ (ယာပုံ)နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။ (အောက်ပုံ)

နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ရေရရှိရေးလုပ်ငန်းများ

စဉ်	အကြောင်းအရာ	၁၉၈၈ခုနှစ်မှ ၂၀၀၄အထိ
၁။	တည်ဆောက်ပြီးဆည်မြောင်းတာတမံ	၁၆၉
၂။	တည်ဆောက်ဆဲဆည်မြောင်းတာတမံ	၃၄
၃။	တည်ဆောက်ပြီး မြစ်ရေတင်စီမံကိန်း လုပ်ငန်းများ	၂၇၁
၄။	အကျိုးပြုလယ်မြေဧက	၂၃၇၀၁၀၆

တောင်ခင်ရမ်း

အညာဒေသမှ ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲစေရန် အထောက်အကူပြုလျက်ရှိသည့် မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရမ်းရေလှောင်တမံကို တွေ့ရစဉ်။



လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် အခန်းဆက်တာဝန် ကျေပွန်ကြ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှ ယနေ့တိုင်အောင် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သော အခြေခံအင်အားသည် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ကျစ်လျစ် သိပ်သည်းသော စည်းလုံးညီညွတ်မှုနှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ပင်ဖြစ်သည်။

စင်စစ်လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာရရှိအောင် ကြိုးပမ်းလာခဲ့သော တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စည်းရုံးမှုသည် ရရှိပြီးဖြစ်သော လွတ်လပ်ရေးနှင့် ပြည်ထောင်စုကြီးကို မဆုံးရှုံး၊ မပြိုကွဲစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် သမိုင်းကပေးသော အခန်းဆက်တာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့၊ ထမ်းဆောင်လျက်ရှိမြဲ ဖြစ်သည်။

ထို့ကြောင့်ပင် နိုင်ငံတော်၏ မျက်မှောက်သမိုင်းခေတ်ကို တာဝန်ယူဦးဆောင်နေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် "အမျိုးသားရေးမူဝါဒ"အဖြစ် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူ၍ ဒို့တာဝန်အရေးသုံးပါးကို လမ်းညွှန်ချမှတ်ပြဋ္ဌာန်းပြီး၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းနိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာများတွင် အကောင်အထည်ဖော်ဆောင်ရွက်သောလက်တွေ့ ပြည်သူ့ဘဝနယ်ပယ်အတွင်း ခံယူကျင့်သုံးရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကိုလည်း အမျိုးသားရေးမူဝါဒပေါ်တွင်အခြေခံပြီး ချမှတ်ကျင့်သုံးလျက်ရှိသည်။

ဤသို့အားဖြင့် နိုင်ငံတော် တစ်နံတစ်လျားတွင် နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည်လည်း မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်၊ လက်ယှက်စည်းရုံးနေသော တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပို၍

ဆယ်စုနှစ်တစ်ခုကျော် ကာလအတွင်း နိုင်ငံနှင့်အဝန်း ပြောင်းလဲတိုးတက်လာသော စီးပွားရေး အခြေခံကောင်းများနှင့် မြင့်မားလာသော ပြည်သူတို့၏ လူမှုဘဝများသည်လည်း လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်တွင် မရရှိခဲ့သော ဖြစ်ထွန်းအောင်မြင်မှု၊ တိုးတက်မှုတို့ကို ရရှိခံစားနေရသည်မှာ မျက်မှောက်မြန်မာနိုင်ငံ သမိုင်းခေတ်၏ပကတိ အရှိတရားများပင် ဖြစ်သည်။

ပို၍ ရှင်သန်ခိုင်မြဲစေသည်နှင့်အမျှ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် လည်းကောင်း၊ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် လည်းကောင်း ကမ္ဘာတည်သရွေ့ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။

အကြင်နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာ အကြင်နိုင်ငံရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ရေးသည် အခြေခံလည်းကျသည်။ ကျောရိုးမဏ္ဍိုင်လည်းဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မဖြစ်မနေ၊ မဆုတ်မနစ်၊ တည်ဆောက်ရမည်ဖြစ်သည်။ "ဤသည်မှာ ထာဝရမြဲမြံစွာ မှန်ကန်လျက်ရှိနေသည့် အမျိုးသားရေး

နိုင်ငံတော် တစ်နံတစ်လျားတွင် နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည်လည်း မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်၊ လက်ယှက်စည်းရုံးနေသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပို၍ပို၍ ရှင်သန်ခိုင်မြဲစေသည်နှင့်အမျှ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် လည်းကောင်း၊ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်းကောင်း ကမ္ဘာတည်သရွေ့ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။

သတင်းထောက်စိုးသိန်း

မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ဖွင့်လှစ်ခဲ့သည့် မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ [အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။]



သမိုင်းစဉ် တရားက ရွေးချယ်ပြဋ္ဌာန်းပေးထားသော အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။"

ယင်းသမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည်နှင့်အမျှ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ တည်ငြိမ်အေးချမ်းမှု အပါအဝင် တိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားဘဝသည် အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတကာအဆင့်မီ နိုင်ငံတစ်နိုင်ငံအဖြစ်သို့ မလွဲမသွေ ရရှိမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ယင်းဖြစ်စဉ်တရားသည် "ရေမြင့်လျှင်ကြာမြင့်သည်" ဟူသော မြန်မာမှုဆိုထုံးစကားကဲ့သို့ပင် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူတို့၏ လူမှုစီးပွားဘဝသည်လည်း မြင့်မားလာရမည်ဖြစ်သည်။

ထို့ကြောင့်ပင် မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်ကို တာဝန်ယူဦးဆောင်လျက်ရှိသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မဖြစ်မနေ တည်ဆောက်ခဲ့သဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့်အတူ အစုအဖွဲ့များ၊ မိသားစုများနှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို ယင်းတိုင်းရင်းသားအဖွဲ့အစည်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ဆက်လက်ဆောင်ရွက်နေဆဲလည်းဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုသည်လည်း လွတ်လပ်ရေးရပြီး သက်တမ်းတစ်လျှောက်လုံး မည်သည့်ခေတ်ကာလကမျှမရရှိခဲ့သော အခြေအနေကောင်းများရရှိခဲ့သည်။ သေနတ်သံနှင့် ယမ်းငွေ့များ၊ မီးလောင်ပြင်များစသော ခေတ်၏အနိဋ္ဌာရုံတရားများအား ယနေ့ကာလတွင် နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးစသည့် သာယာချိုမြသော တိုင်းရင်းသားတေးဂီတသံများက ထုံမွှမ်းလွှမ်းခြုံလျက်ရှိသည်။ သစ်လွင်ခံ့ညားခေတ်မီသော လူနေတိုက်တာ အဆောက်အအုံများ၊ စီးပွားရေးအဆောက်အအုံကြီးများ၊ လျှပ်စစ်မီးများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံ၊ အလုပ်ရုံကြီးများ၊ လမ်းတံတားများ၊ စာသင်ကျောင်းများနှင့် တက္ကသိုလ် ကောလိပ်များစသည်စသည်တို့ဖြင့် ဆယ်စုနှစ်တစ်ခုအတွင်း ပြောင်းလဲတိုးတက်ခြင်းတို့သည် အိပ်မက်အလား ထင်မှတ်ခံစားလာရသည်။

ထို့အတူပင် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း နိုင်ငံနှင့် အဝန်း ပြောင်းလဲတိုးတက်လာသော စီးပွားရေး အခြေခံကောင်းများနှင့် မြင့်မားလာသော ပြည်သူတို့၏ လူမှုဘဝများသည်လည်း လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်တွင် မရရှိခဲ့သော ဖြစ်ထွန်းအောင်မြင်မှု၊ တိုးတက်မှုတို့ကို ရရှိခံစားနေရသည်မှာ မျက်မှောက်မြန်မာနိုင်ငံသမိုင်းခေတ်၏ ပကတိအရှိတရားများပင်ဖြစ်သည်။

ယင်းအခြေအနေများအရ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရှင်သန်လာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို

နိုင်ငံတော်၏ ၁၆၉ ခုမြောက် ရေလှောင်တမံအဖြစ် မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ဖွင့်လှစ်လိုက်သည့် စိုက်ပျိုးမြေဧက ၁၀၈၀၀၀ ကို အကျိုးပြုမည့် မုန်းချောင်း ဘက်စုံ ရေလှောင်တမံကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရက မြန်မ
သည်။

နိုင်ငံတော်ရှေ့ဆက်သ
ပကတိဖြစ်တည်နေသော
လျော်ညီစွာ ချမှတ်ထားခြ
မလိုလားဘဲ အဆိုးမြင်ဝါ
ကိုလိုနီလက်သစ်အုပ်စုနှင့်
များအတွက် နိုင်ငံရေးအ

အကြောင်းမူ နိုင်ငံ
အမှန်ပကတိဖြစ်တည်နေ
ဘဝများပေါ်တွင်အခြေခံလ
အရုံနိုင်ငံအဖြစ် ရောက်ရှိလ
ကိုလိုနီလက်သစ်များနှင့် သ
ရည်မှန်းချက်၊ ဦးတည်ချက်
(၇)ရပ်ကိုအောင်မြင်စွာ အ
နိုင်ငံရေး၊ စည်းရုံးရေးကံ
စိုးရိမ်ပူပန်ကြောင့်ကြမှုများ
မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆ
ပျက်စီးစေရန် လုပ်ကြံပုတ်
အဖွဲ့အစည်းတို့၏ ရည်ရွ

မည်သို့ပင်ရှိစေ နိုင်ငံ
၏ အခြေခံရပ်တည်ချက်
မူဝါဒလမ်းစဉ် (၇)ရပ်ကို နိ
နှင့် အေးချမ်းသာယာပြီး ခေ
လမ်းကြောင်းအဖြစ် ခံယူ
မျက်ခြည်မပြတ် ကြိုးပမ်း

**နိုင်ငံတစ်ဝန်း ...
ကောင်းများကြောင့် ပြ...
ခေတ်မီ စက်ယန္တရား...
ဆောင်ရွက်နေစဉ်။**

နိုင်ငံတော်အစိုးရသ
ဖြစ်သည့် ဖွဲ့စည်းပုံအခြေ
ဆန္ဒပေါ်တွင် အခြေခံပြီး
ကျင်းပခြင်းဖြင့် အကော
ဥပဒေဆိုသည်မှာ နိုင်ငံတ
လည်းဖြစ်သည်။ ဖွဲ့စည်
မည်သို့မျှထာဝရရပ်တည်နိ
စီးပွားရေး၊လူမှုရေးဖြစ်ထွန်း
လျက်ရှိသည်။ ဖွဲ့စည်းပုံအ
ပြည်သူတို့ကိုလည်းကောင်

နိုင်ငံတကာဖွဲ့စည်းပုံ
နိုင်ငံအသီးသီး၏ ရေမြေ၊
အစဉ်အလာ၊ပထဝီ၊ နိုင်ငံ
ညီထွေရှိသောဖွဲ့စည်းပုံအခြေ
သည် ခေတ်တစ်ခေတ်၏ အ
ပြောင်းလဲဖြစ်ပေါ်တိုးတက်မှ
ဖြစ်သည်။ ယင်းအခြေအ
လူထုလူတန်းစားအလွှာများ
ဖွဲ့စည်းပုံအခြေခံဥပဒေ ရေး
ညီလာခံတွင် တစ်မျိုးသားလုံ
များက ညှိနှိုင်း ဆွေးနွေးလျ

နိုင်ငံတော်အစိုးရက မြန်မာသိ ကမ္ဘာသိ ချမှတ်ကြေညာဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်သည် မြန်မာနိုင်ငံ၏ ပကတိဖြစ်တည်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် လျော်ညီစွာ ချမှတ်ထားခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့် မြန်မာအစိုးရကို မလိုလားဘဲ အဆိုးမြင်ဝါဒဖြင့် ပုတ်ခတ်နေကြသည့် နိုင်ငံတကာနယ်ချဲ့ ကိုလိုနီလက်သစ်အုပ်စုနှင့် ယင်းတို့၏ သြဇာခံပြည်တွင်းပြည်ပ အဖျက်သမားများအတွက် နိုင်ငံရေးအရ အထိတ်တလန့်ဖြစ်စေခဲ့သည်။

အကြောင်းမူ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်သည် အမှန်ပကတိဖြစ်တည်နေသောပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများပေါ်တွင်အခြေခံလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအား လက်ဝေခံ အခြွေအရံနိုင်ငံအဖြစ် ရောက်ရှိလာစေရန် ကြိုးပမ်းနေကြသည့် နိုင်ငံတကာ နယ်ချဲ့ ကိုလိုနီလက်သစ်များနှင့် သြဇာခံပြည်တွင်းပြည်ပ အဖျက်သမားများ၏ နိုင်ငံရေးရည်မှန်းချက်၊ ဦးတည်ချက်ကို ချေဖျက်လိုက်ခြင်းလည်းဖြစ်သည်။ ယင်းလမ်းစဉ်(၇)ရပ်ကိုအောင်မြင်စွာ အကောင်အထည်ဖော်လာနိုင်သည်နှင့် အမျှယင်းတို့၏ နိုင်ငံရေး၊ စည်းရုံးရေးကံကြမ္မာသည်လည်း ဇာတ်သိမ်းခန်းရောက်မည်ကို စိုးရိမ်ပူပန်ကြောင့်ကြမှုများ ခံစားလာကြရသည်။ ဤသည်မှာ ယနေ့ကာလတွင် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်ပုတ်ခတ်နေကြသော၊ အမျိုးသားညီလာခံကို ပျက်စီးစေရန် လုပ်ကြံပုတ်ခတ်ပြီး ဆန့်ကျင်တိုက်ခိုက်နေကြသော လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့၏ ရည်ရွယ်ချက်သဘောထားပင်ဖြစ်သည်။

မည်သို့ပင်ရှိစေ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အခြေခံရပ်တည်ချက်နှင့် သဘောထား နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို နိုင်ငံတော်၏ ဒီမိုကရေစီဖြစ်ပေါ်ရေး လမ်းကြောင်းနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွား ဖြစ်တည်ရေး လမ်းကြောင်းအဖြစ် ခံယူရပ်တည်ပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်သာဖြစ်သည်။

နိုင်ငံတစ်ဝန်း ပြောင်းလဲတိုးတက်လာသော စီးပွားရေးအခြေခံ ကောင်းများကြောင့် ပြည်ပကုန်သွယ်မှုလုပ်ငန်းများ တွင်ကျယ်လာရာ ခေတ်မီ စက်ယန္တရားများအသုံးပြု၍ ကုန်သေတ္တာများကို ကိုင်တွယ် ဆောင်ရွက်နေစဉ်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါး

စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ နိုင်ငံသစ် ဆီသို့



အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အကောင်အထည် ဖော်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့သည်။

အကြွင်းနိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာ အကြွင်းနိုင်ငံရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ရေးသည် အခြေခံလည်းကျသည်။ ကျောရိုးမဏ္ဍိုင်လည်း ဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို မဖြစ်မနေ၊ မဆုတ်မနစ် တည်ဆောက်ရမည်ဖြစ်သည်။ "ဤသည်မှာ ထာဝရမြဲမြံစွာ မှန်ကန်လျက်ရှိနေသည့် အမျိုးသားရေးသမိုင်းစဉ်တရားက ရွေးချယ်ပြဋ္ဌာန်း ပေးထားသော အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။"

နိုင်ငံတော်အစိုးရသည် မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒပေါ်တွင် အခြေခံပြီး ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောဖြစ်သကဲ့သို့ ဝိညာဉ်လည်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိလျှင် နိုင်ငံတစ်နိုင်ငံသည် မည်သို့မျှထာဝရရပ်တည်နိုင်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ထွန်းမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင် အခြေခံလျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အစိုးရကို လည်းကောင်း၊ ပြည်သူတို့ကိုလည်းကောင်း ထိန်းကျောင်းပေးမည်ဖြစ်သည်။

နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံဥပဒေများကို လေ့လာပါက သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ရေမြေ၊ သဘာဝ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သမိုင်းကြောင်း အစဉ်အလာ၊ပထဝီ၊ နိုင်ငံရေးနှင့် စီးပွားရေး အနေအထားများအရ လိုက်လျောညီထွေရှိသောဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းလေ့ရှိ သည်။ မြန်မာနိုင်ငံသည် ခေတ်တစ်ခေတ်၏ အလှည့်အပြောင်း(တစ်နည်း) အမျိုးသားနိုင်ငံရေး၏ ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုကို အခြေခံသော သမိုင်းဆက်ထုံးကို ရောက်ရှိနေပြီဖြစ်သည်။ ယင်းအခြေအနေ၏ လိုအပ်ချက်မှာ တိုင်းရင်းသားလူမျိုးစုများ၊ လူထုလူတန်းစားအလွှာများအပါအဝင် ပြည်သူ တစ်ရပ်လုံးက လက်ခံနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းဖြစ်ရာ ယင်းလုပ်ငန်းကို အမျိုးသားညီလာခံတွင် တစ်မျိုးသားလုံးကို ကိုယ်စား ပြုထားသော ညီလာခံ ကိုယ်စားလှယ်များက ညှိနှိုင်း ဆွေးနွေးလျက်ရှိကြသည်။

ထို့ကြောင့်ပင် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးနှင့်အတူ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးက ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ ယင်းအမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်းသည်လည်းကောင်း၊ အမျိုးသားရေးတာဝန်ကို အသိအမှတ်မပြုဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ပါတီအဖွဲ့အစည်းတစ်ရပ်၏ အကျိုးစီးပွားအတွက် ဟန့်တားနှောင့်ယှက် ကန့်ကွက်ဆန့်ကျင်နေခြင်းသည် လည်းကောင်း အမျိုးသားရေးသစ္စာဖောက်များသာဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

သို့ဖြစ်ရာ မျက်မှောက်နိုင်ငံတော်၏ သမိုင်းခေတ်တွင် လက်ငင်းအမျိုးသားရေးတာဝန်များ ဖြစ်သည့်-

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး

ဟူသော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်ကို အခိုင်အမာခံယူကြပြီး တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် အခန်းဆက်တာဝန်အဖြစ် တိုင်းရင်းသားအားလုံးက ကျေပွန်စွာ ထမ်းဆောင်ကြပါစို့ဟု ဆန္ဒပြုအပ်ပါသည်။ ။

ကတ္တရာခင်း

နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူ ချောမွေ့ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများအနက် တာကော်အက်-ပန်ဆန်း ကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာခင်းနေစဉ်။

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးတာကလယ်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားအဖွဲ့အစည်းများ ဆက်သွယ်တင်ပြရန်ရှိသည်များကို ပိုမိုလျင်မြန်လွယ်ကူစွာ ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထား

ရှေ့ဖုံးမှ

လိုက်ပါလျက် ဇန်နဝါရီ ၁ရက် နံနက်ပိုင်းတွင် တပ်မတော် လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၈နာရီမိနစ် ၅၀တွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မမှူး ဗိုလ်မှူးချုပ်သက်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဟဲဟိုးလေဆိပ်မှ ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ SSNA ဝမ်ယိမ်းနှင့် မိုင်းယွန်းတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ MTAအဖွဲ့(ဟိုမိန်း)၊ MTA အဖွဲ့(နားရိုင်း)၊ MTAအဖွဲ့(မတ်ကျန်း)နှင့် MTAအဖွဲ့(ရွှေပြည်အေး)တို့မှ တိုင်းရင်းသား ခေါင်းဆောင်များအား လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးများကို ဆွေးနွေးမှာကြားသည်။

ဖွံ့ဖြိုးတိုးတက်ရေး

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ကျော်ညို၊ အတွင်းရေးမှူး ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် ယနေ့ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်အစိုးရက တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ထားရှိသည့်

ဤနေရာတွင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပေါင်းစုံ စုစည်းညီညွတ်စွာ ရေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အထူးအရေးကြီးသည့် အမျိုးသားရေး မူဝါဒများဖြစ်သကဲ့သို့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မွေးရာပါ အမျိုးသားရေးတာဝန်များလည်း ဖြစ်ကြောင်း၊ ဤကဲ့သို့နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် အမျိုးသားရေးတာဝန်များကို မိမိတို့လက်ထက်တွင်သာမက နောင်သားစဉ်မြေးဆက်အထိ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရန် အထူးအရေးကြီးကြောင်း။

ရှိအောင် မိမိတို့တွင်ရှိပြီး သဘာဝအခြေခံကောင်းများကို အသုံးပြုလျက် စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ဖြင့် မိမိတို့စားရေးဖူလုံပြီး ဝတ်ရေး၊နေရေးဆိုသည့် လိုအပ်ချက်များအတွက်ပါ ပြည့်ဝလာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် ဈေးကောင်းရပြီး ဈေးကွက်ရှိသည့်အပြင် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်သည့် ရော်ဘာစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး

ငင်းပြင် ကိုလိုနီအမွေဆိုးအဖြစ် ကျန်ရစ်နေခဲ့ပြီး သားစဉ်မြေးဆက် ဒုက္ခပေးခဲ့သည့် မူးယစ်ဆေးဝါးကို အမြန်ဆုံး ကင်းစင်ပပျောက်သွားစေရအောင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မိမိတို့ဒေသနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး စသည့် ဒေသနှင့် ပြည်သူများ၏ တိုးတက်မှု အခြေခံကောင်းများ တိုးပွားလာစေရအောင် နိုင်ငံတော်အစိုးရနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခမ်းထီက

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာ၌ အထူးဒေသ(၆) ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO)ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးတာ ကလယ်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀နာရီ ၁၅မိနစ်တွင် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင် များသည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာသို့ ရောက်ရှိကြပြီး နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ပိုင်း အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၃)မှ

သဘောထားကို ရှင်းလင်းပြောကြားရန်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများနေထိုင်ရာ ဒေသများအပါအဝင် ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များကို ယုံကြည်ပြီး မိမိတို့ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ယခင်ကထားရှိခဲ့သည့် သဘောထားများအတိုင်း ပြောင်းလဲမှုမရှိဘဲ တစိုက်မတ်မတ် ဆက်လက် လက်တွဲပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမှာပင်ဖြစ်ကြောင်း။

လျင်မြန်လွယ်ကူစွာ ဆက်သွယ်နိုင်ရေး

တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်တင်ပြရန်ရှိသည်များကို ပိုမိုလျင်မြန်လွယ်ကူစွာ ဆက်သွယ်နိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိနေကြောင်း။

အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်၏ အရေးအကြီးဆုံးဖြစ်ပြီး အဓိကကျသည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ကျင်းပလျက်ရှိကြောင်း။

ခိုင်ခိုင်မြဲမြဲလက်တွဲ

တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် အပြုသဘော ပါဝင်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်နေသကဲ့သို့ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ထို့ပြင် တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အစည်းများ၏ စားရေး၊ ဝတ်ရေး၊ နေရေး ပြည့်စုံမှု

နိုင်ငံတော်အကြီးအကဲက မိမိတို့အပေါ်ထားရှိသည့် စေတနာမေတ္တာများကြောင့် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ ယခုကဲ့သို့ လာရောက်ရှင်းပြခြင်း၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်းများအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် မှာကြားချက်များနှင့်အညီ မိမိတို့ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း၊

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တပ်မတော်အစိုးရက **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ SSNA ဝမ်ယိမ်းနှင့် မိုင်းယွန်းတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ MTA အဖွဲ့(ဟိုမိန်း)၊ MTA အဖွဲ့(နားရိုင်း)၊ MTA အဖွဲ့(မတ်ကျန်း)နှင့် MTA အဖွဲ့(ရွှေပြည်အေး)တို့မှ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

❐ **စာမျက်နှာ ၁၀ မှ**

ဦးဆောင်တည်ဆောက်နေခြင်းကို မိမိတို့ တိုင်းရင်းသားပြည်သူများက တစ်စိတ်တည်းတစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ရှေ့ဆက်ကျင်းပမည့်အမျိုးသား ညီလာခံကြီးနှင့်တကွ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်စေရန် နိုင်ငံတော်၏ လိုအပ်ချက်များကို အလေးထားလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်နယ် တောင်ပိုင်းအထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ခမ်းထိသို့ ပေးအပ်ပြီး ဦးအောင်ခမ်းထိနှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြရန် တိုက်တွန်းမှာကြား လိုကြောင်း၊ မိမိတို့အတွက် စားဝတ်နေရေးကိုအကျိုးပြုမည့် ဆန်စပါးနှင့် ပြောင်းသီးနှံများအပြင် အဖွဲ့အစည်းအတွက်ရော၊ ဒေသအတွက် ရေရှည်အကျိုးရရှိနိုင်သည့် ရော်ဘာစိုက်ပျိုးရေးကိုလည်း ဖြစ်နိုင်ခြေရှိသည့် နေရာများတွင် မိမိအဖွဲ့အစည်းရော ဒေသနေပြည်သူများကိုပါ စည်းရုံးစိုက်ပျိုးသွား ကြစေလိုကြောင်း၊

မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါး လုံးဝ ပပျောက်သွားသည်အထိ နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်၊

နိုင်ငံတော်အစိုးရနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲပြီး နိုင်ငံတော်က ချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

ယင်းနောက် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)မှ ဥက္ကဋ္ဌ ဦးတာကလယ်က မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါး လုံးဝပပျောက်သွားသည်အထိ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲပြီး နိုင်ငံတော်က ချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)မှ ဦးခွန်ထီးနှင့် ဦးစိန်ရွှေတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ အထွက်ကောင်းမျိုးစပါးစိုက်ပျိုးရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး

ဆွေးနွေးမှာကြား

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၃)မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ SSNA ဝမ်ယိမ်းနှင့် မိုင်းယွန်းတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ MTA အဖွဲ့(ဟိုမိန်း)၊ MTA အဖွဲ့(နားရိုင်း) ၊ MTA အဖွဲ့(မတ်ကျန်း)နှင့် MTA အဖွဲ့(ရွှေပြည်အေး)တို့မှ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ သဘောထားနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြည့်မြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မှာကြားရာတွင် တိုင်းရင်းသားအဖွဲ့အစည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မူဝါဒပြောင်းလဲမှုမရှိ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)မှ နာယကများဖြစ်ကြသည့် ဦးစိန်ရွှေနှင့် ဦးစောဖားမူ၊ဥက္ကဋ္ဌ ဦးတာကလယ်တို့နှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားရာတွင် မိမိအနေဖြင့် ဦးတာကလယ်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံပြီး ဥပဒေဘောင်အတွင်း ရောက်ရှိနေပြီဖြစ်သည့် တိုင်းရင်းသားအဖွဲ့ အစည်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ မူဝါဒသဘောထားပြောင်းလဲမှုမရှိဘဲ ယခင်က အတိုင်း ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖြစ်ထွန်းမှုများရရှိအောင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အခြေခံပြီး မိမိတို့အဖွဲ့အစည်းများ အပါအဝင် ဒေသနေပြည်သူများ၏ ရေရှည်စားဝတ်နေရေး ပြည့်စုံစိတ်ချရသည့် အခြေအနေရောက်ရှိရုံသာမက စီးပွားဖြစ်ထွန်းမှုများ ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်

ရော်ဘာသည် ယနေ့ကမ္ဘာတွင် ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိသည့် သီးနှံဖြစ်သည့်အပြင် ရော်ဘာစိုက်ပျိုးမှုလုပ်ငန်းမှ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများလည်း တိုးတက်ရရှိလာစေမှာဖြစ်ကြောင်း။

ဤကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရရှိလာသည်နှင့်အမျှ ရေရှည်ခိုင်မာအားကိုးပြုနိုင်သည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ပြည်သူ့အကျိုးပြု

ထို့ပြင်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအပြင် ဒေသနေပြည်သူများ၏ စိုက်ပျိုးမွေး မြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် အသေးစားရေအားလျှပ်စစ်များ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ တိုးတက်သည်ထက်တိုးတက်လာစေရန် ဦးဆောင်စည်းရုံးဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ မိမိဒေသနှင့် နိုင်ငံတော်အတွက်ပါ ရေရှည်အကျိုးဖြစ်ထွန်းအောင် စွမ်းဆောင်ပေးကြမည့် ဒေသနေ လူငယ်လူရွယ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားကြရန် မှာကြားလိုကြောင်း။

မိမိအဖွဲ့အစည်းဝင်များ အပါအဝင် ဒေသနေပြည်သူများ ဥပဒေနှင့်အညီ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး လုံခြုံအေးချမ်းသာယာသည့် လူမှုဝန်းကျင်များ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)ဥက္ကဋ္ဌ ဦးတာကလယ်သို့ ပေးအပ်ပြီး ဦးတာကလယ်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

များသည် မိမိတို့မိသားစုဝင်များ၊ ဒေသနေ ပြည်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေး လိုအပ်ချက်များ ဖူလုံမှုရရှိအောင် မိမိတို့ဒေသတွင်းရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲစုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

တပ်မတော် အစိုးရ၏မူဝါဒသဘောထားနှင့် တိုင်းပြုပြည်ပြုဆောင်ရွက်ချက်များကိုအလေးအနက်ထောက်ခံယုံကြည်၊ အနာဂတ် နိုင်ငံတော်အတွက် တပ်မတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း လက်ခံယုံကြည်ပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်။

▲ စာမျက်နှာ ၁၁ မှ

ကုန်ထုတ်လုပ်ငန်းများမှ စီးပွားဖြစ် အရင်းအနှီးများ စုဆောင်းပြီး နောက်တစ်ဆင့် အိမ်တွင်းစက်မှု လုပ်ငန်းများနှင့် ရေအားလျှပ်စစ်အငယ်စားများ ထူထောင်သွားနိုင်အောင် ကြိုးပမ်းသွားကြရန် လိုကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန် လူသားစွမ်းရည် အရင်းအမြစ်များ ပြုစုပျိုးထောင်သွားကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးရေး အထူးဒေသကြီးများ သတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှာပင် တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပင်လုံ ဒေသများတွင် တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အခြေခံပညာရပ်များ လွယ်လင့်တကူ သင်ယူနိုင်ကြစေရန် အတွက်လည်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဒေသနေပြည်သူများအပိုင်းကလည်း မိမိတို့ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်ပေးနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မိမိတို့ဒေသများမှ ထွက်ပေါ်လာစေရအောင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ပြီး အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များကို အဆက်မပြတ် သင်ယူတတ်မြောက်လာစေရန် နိုင်ငံတော်က ဖန်တီးပေးထားသည့် အခွင့်အလမ်းကောင်းများကို အမိအရ အသုံးချသွားနိုင်အောင် ကြိုးပမ်းပေးကြရန် မှာကြား လိုကြောင်း။

ထို့ပြင် မိမိတို့ဒေသများတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံအေးချမ်းမှုရှိရေး၊ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး၊ ပြည်သူများနှင့်အတူ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို တန်းတူရည်တူ ခံယူလျက် တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြား သည်။

အလေးအနက်ထားထောက်ခံ

ထို့နောက် MTAအဖွဲ့(ရွှေပြည်အေး)ဥက္ကဋ္ဌ ဦးစိုင်းခွန်မိန်းက တပ်မတော်အစိုးရ၏ မူဝါဒသဘောထားနှင့် တိုင်းပြုပြည်ပြုဆောင်ရွက်ချက်များကို အလေးအနက် ထောက်ခံယုံကြည်ပါကြောင်း၊ အနာဂတ် နိုင်ငံတော်အတွက် တပ်မတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း လက်ခံယုံကြည်ပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၃)မှ ဦးခေးတိုင်းက နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ MTA အဖွဲ့ (မတ်ကျန်း)မှ ဦးခွန်ဆိုင်နှင့် ဦးစိုင်းမျိုးအောင်တို့က ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ MTA အဖွဲ့(မတ်ကျန်း)မှ ဦးခွန်ဆိုင်နှင့် ဦးစိုင်းမျိုးအောင်တို့က နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုကို လေးစားယုံကြည်ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းညွှန်မှုများနှင့်အညီ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးအဖွဲ့ရှစ်ဖွဲ့တို့မှ ခေါင်းဆောင်များအား ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသ ငြိမ်းချမ်းရေးအဖွဲ့ (၁၀)ဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသငြိမ်းချမ်းရေးအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့်အတူ တစ်ဖွဲ့ချင်းအလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့၌ ရပ်နားကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်စေရေးဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် စစ်ဒေသမှူးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ၊ လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြင့်တင် ခင်းကျင်းနေမှု လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် (၂၁)လမ်းနှင့်(၂၂)လမ်းကြား၊ပန်းဘဲတန်းမြို့နယ် (၂၇)လမ်းနှင့် ရွှေဘုံသာလမ်းကြား လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားခင်းကျင်းမှုနှင့် ဗိုလ်တထောင်ဘုရားလမ်းတစ်လျှောက် အမိုက်များရှင်းလင်းနေမှု၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် အလုံမြို့နယ် ကမ်းနားလမ်းကိုနိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှု၊ ကမာရွတ်မြို့နယ် ဟံသာဝတီအဝိုင်းအနီးရှိ ပြည်လမ်း လမ်းဘေးလူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ ခင်းကျင်းမှု၊အမှိုက်များရှင်းလင်းပြီး ပန်းအလှစိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြို့တော်သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့်လမ်းများ၊လူသွားစင်္ကြံများ အဆင့်မြင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများ၊ပန်းအလှပင်များ၊မြက်ခင်းပြင်များသည် မြို့တော်အတွင်း သာယာလှပစေရေးသာမက ပြည်သူအများကျန်းမာသန့်ရှင်းသည့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး၊ လေကောင်းလေသန့် ရရှိရေးကိုလည်း များစွာအထောက်အကူပြုသဖြင့် မြို့နယ်များအလိုက် ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရေးစည်းရုံးဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြသည်။

(သတင်းစဉ်)

ပေးအပ်

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ရွာမအရှေ့ရပ်ကွက်တွင်နေထိုင်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲထွန်းက တစ်ဦးချင်းပေးအပ်စဉ်။

(ဖြဝ)

ခရီးသွားလာမှု နှီးနှောဖလှယ်ပွဲ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၄ ခုနှစ် ဂျပန်နိုင်ငံ မီအဲပြည်နယ် ဆူဇူကာမြို့၌ ကျင်းပခဲ့သည့် (၃၅)ကြိမ်နှင့်(၃၆)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှု လုံခြုံရေးအဖွဲ့ နှီးနှောဖလှယ်ပွဲ အတွေ့အကြုံရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ နှီးနှောဖလှယ်ပွဲ တက်ရောက်ခဲ့ကြသည့် မမေဆွေဇင်မြင့်(နီလေးနိုင်ကုမ္ပဏီ)နှင့် ကိုတင်မောင်ဦး(ဝင်းထရိတ်ကုမ္ပဏီ) တို့က အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် IATSS Forum မှ Director Mr. Toshio Ashizawa က နှီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကင်းမူလတန်းကြိုကျောင်း၏ ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ရက်က ကျောင်းအားကစားကွင်းတွင် ကျင်းပရာ ဆုရရှိသူများအား ရန်ကုန်တိုင်း လက်ထောက်တိုင်းဦးစီးမှူး ဒေါ်အတာညိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းလွင်တို့က ဆုများချီးမြှင့်ကြစဉ်။

(၃၂)

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ဘက်စုံပညာ ထူးချွန်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အဆိုပါကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီ၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၏ ဇနီး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၏ ဇနီး၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၏ ဇနီး၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သီဆိုကြသည်။

ကျေးဇူးတင်စကား

ထို့နောက် ရန်ကုန်ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းအောင်က ကျောင်း၏ သင်ကြားစီမံကိန်းစွရပ်များကို ရှင်းလင်း တင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တာဝန်ရှိသူများက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံ ပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆု အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ တပ်မတော်လေ့ကျင့် ရေးအရာရှိ ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း ရန်ကုန်ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုနှင်းသဘင် အခမ်း အနားတွင် ကျောင်းသား၊ ကျောင်းသူ များအား ထူးချွန်ဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆုနှင်းသဘင် အခမ်းအနားတွင် စတုတ္ထတန်း ဘာသာစုံ ထူးချွန်ဆုနှင့် စတုတ္ထတန်း ငါးဘာသာထူးချွန်ဆုရ မောင်သီဟရွှေ အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင် ဝင်းအောင် ထူးချွန်ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -ဩဝါဒထူးပို့ (အထူးပြုအားလုံး)
၅:၃၀	၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သပွတ်အူပမာ" (အပိုင်း-၁၈)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ မေးမြန်းစုံစမ်း
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ ENGLISH PREMIER LEAGUE Everton vs Portsmouth
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ရွှေစင်သင်္ကန်း၊ လှူဒါန်းစေတီ၊ နိဗ္ဗာန်ရည်

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းရပ်ကြီးများမှ အစဉ်အလာအရ ပြုမြဲဒါနဖြစ်သော ရွှေတိဂုံစေတီတော်၏ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရေးလုပ်ငန်းရပ်ကြီးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစတင်၍ ဆောင်ရွက်လျက်ရှိပါသည်။

- ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့်
- မြန်မာနှင့် ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင်တို့၏ အမွန်အမြတ် သာသနာ့အောင်လံတော်
- လေးဆူဓာတ်တော် ကိန်းဝပ်စံပယ်တော်မူ၍ နေတစ်ဆူလတစ်မင်းလို ထွန်းလင်းတောက်ပတော်မူသော

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင်ရွှေပြား ရွှေသားသင်္ကန်းနှင့် ရွှေဆိုင်း ရွှေမျက်ပါးသင်္ကန်းတော်များ ကပ်လှူရောင်တော်ဖွင့် ပူဇော်မည်ဖြစ်ပါသည်။

- နှစ်စဉ်နှစ်တိုင်း လှူဒါန်းခွင့်မဆုံ ကြုံတောင့်ကြုံခဲ ဒါနပွဲကြီးဖြစ်ပါသည်။
- အနည်းဆုံး ငါးနှစ်ကျော်မှ တစ်ကြိမ်သာ ပြုရခဲသည့် ရွှေတောင်ကြီးပမာ မဟာအလှူပွဲကြီးဖြစ်ပေသည်။
- အခွင့်သာဆဲ ရခဲလှသော ကုသိုလ်အမှု မြတ်ဒါနကို မပြုလိုက်ရ မရှိရအောင် နိဗ္ဗာန်ရည်မျှော် နှိုးဆော်ပါသည်။
- ရွှေစင်ရွှေပြား မြတ်ရွှေသားနှင့် ရွှေဆိုင်းမျက်ပါး သင်္ကန်းများကို ပွားများသဒ္ဓါ ဖြိုးလျှံစွာဖြင့် ပူဇော်နိုင်ပါပြီ။

"ရွှေလှူလျှင်ရွှေလိုလှ ဘဝအာနုဘော်
နောင်သံသရာလိုတာရ ဒါနသာဓုခေါ်
မြတ်သောရွှေပြည် အဆုံးသတ် နိဗ္ဗာန်ဝင်စံပျော်
သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ဖြင့် လှူဒါန်းကြပါသော်ဝ်။"

ရွှေဆိုင်း၊ ရွှေမျက်ပါး တစ်ပေ x တစ်ပေ ကျပ် ၄၇၅၀
ရွှေစင်ရွှေပြား တစ်ပေ x တစ်ပေ ကျပ် ၅၈၅၀၀၀ (ဒို/သား)

လှူဒါန်းနိုင်သောအချိန်

၁-၁-၂၀၀၅ ရက်နေ့မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ။

ဆက်သွယ်လှူဒါန်းရန်လိပ်စာ

ဂေါပကအဖွဲ့၊ ရွှေတိဂုံစေတီတော်
ဖုန်း-၂၅၁၈၅၁

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက် မာလာမြိုင်(၁၀)လမ်း ဗဟို လမ်း မေတ္တာဝါဒီဟာသ်ာတ(ပရဟိတ) ကျောင်းတိုက် ပဓာနနာယက ဆရာ တော် ဘဒ္ဒန္တစန္ဒောဘာသထံ ဒေါ်အုန်း ကြည် အမှတ်(၄၂) သီရိမင်္ဂလာ လမ်း (၈)ရပ်ကွက် လှိုင်မြို့နယ်က မဟာသိမ်တော်ကြီးနှင့် ကိုးထပ် ကျောင်းဆောင်ဆောက်လုပ်ရန် ငွေ ကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်း စဉ်။ (က-ပ)

ထူးခြားသည့် ညအပူချိန်များ

၂-၁-၂၀၀၅

နမ့်ဆမ်နှင့် လွိုင်လင်	၁ ဒီဂရီစင်တီဂရိတ်
ကျိုင်းတုံ၊ ဟဲဟိုးနှင့်	
ပင်လောင်း	၃ ဒီဂရီစင်တီဂရိတ်
ဟားခါး	၄ ဒီဂရီစင်တီဂရိတ်

အလောင်းတော်ကဿပ ထမနဲ ဆွမ်းကပ်လှူ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂

အလောင်းတော်ကဿပ အရှင်မြတ်အား (၃၇)ကြိမ်မြောက် ထမနဲဆွမ်း ကပ်လှူပူဇော်ပွဲနှင့် ဖူးမြော်မည့်ခရီးစဉ် ကို အလောင်းတော်ကဿပ ဝန်ဆောင် အဖွဲ့ နာယက ဆရာတော် ဦးသုမန က ဦးဆောင်၍ ၁၃၆၆ ခုနှစ် တပို့တွဲ လပြည့်နေ့ နံနက် အရုဏ် ထမနဲဆွမ်း ကပ်လှူပူဇော်မည်ဖြစ်သည်။

လိုက်ပါလိုသူများနှင့် ကုသိုလ်ရှင် များသည် ယင်းမာပင်မြို့နယ် ဖိုလ်ဝင် တောင် ပုပ္ပားကျောင်း ဖုန်း ၀၂-၆၇၇၄၂ သို့ ဖေဖော်ဝါရီ ၂၀ ရက် အရောက်လာကြရန်နှင့် ရန်ကုန်မှ လိုက်ပါလိုသူများသည် ဦးမောင်မောင် ဌေး ဖုန်း-၂၂၆၀၂၄၊ အမှတ် (၈၂၁) မဟာဗန္ဓုလလမ်း (၁၀) လမ်းထိပ် လမ်းမတော်မြို့နယ်သို့ ဖေဖော်ရီ ၁၃ ရက် နောက်ဆုံးထား စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။(က-ပ)

Karaweik Garden
KANDAWGYI NATURE PARK
လွှတ်လပ်ရေးနေ့ အထူးအစီအစဉ်
သင့်ကိုပျော်ရွှင်အောင်လုပ်ပေးဖို့
မျှော်ခင်ကျွန်းမှာစောင့်နေတယ်
စာရေးဆရာ မင်းခိုက်စိုးစံရဲ့
DREAM BOAT ရဲ့ကစားပွဲတွေမှာ သင်ပါဝင်ကစားဖူးပြီးပြီလား
အရမ်းပျော်ရွှင်ရမယ်... အခမဲ့ကစားရမယ်...
ဆုတွေလည်းရမယ်... အမြန်လာခဲ့နော်...
လွတ်လပ်ရေးနေ့
(၄.၁.၂၀၀၅) စနေနေ့ ညနေ (၄:၀၀)နာရီမှာ
ကစားပွဲတွေစမှာ
စားသောက်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကိုလည်း နံနက်(၀၈:၀၀)နာရီမှ ည (၁၀:၀၀)နာရီအထိ ဖွင့်လှစ်ရောင်းချပေးပါမည်။

ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့တော် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိ မြို့ဖများ၊ ထုချွန်လူငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ မြို့တော်ခန်းမရှေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတော်ကို အလေးပြုကြသည်။

ထို့နောက် ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ပြည်မြန်မာသီချင်း"**နှင့် **"ရာသက်ပန်ပြည်ထောင်စု"** သီချင်းတို့ဖြင့် သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့**

နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ ကျင်းပပုံ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၅ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ ကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်မှ စတင်၍ အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသား ၅၅၈၈ဦးကို လွှတ်ပေးခြင်း

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ထိုသို့တည်ဆောက်နေခြင်းမှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် ပေါ်ပေါက်ရေးအတွက် ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအားလုံးနှင့် လက်တွဲညီညီ ချီတက်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရပါသည်။

ထိုသို့ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသော အကျဉ်းသားများအား အကျဉ်းကျခံစိတ်မျိုး မခံစားရစေဘဲ စာရိတ္တပြုပြင်ရေးစခန်းများတွင် နေထိုင်၍ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ် ပြောင်းလဲပေးသောလုပ်ငန်းများကို အကျဉ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသား ၅၅၈၈ဦးအား ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအားဖြင့် လည်းကောင်း၊ ၎င်းတို့သည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာကို ခံစားနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံအကျိုးကို ဆက်လက်သယ်ပိုးရွက်ဆောင်သွားကြလိမ့်မည်ဟု မျှော်လင့်သဖြင့်လည်းကောင်း မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက် (၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်)နေ့တွင် သက်ဆိုင်ရာ အကျဉ်းစခန်းအသီးသီးမှ လွှတ်ပေးလိုက်သည်။

ထိုသို့ အကျဉ်းသား ၅၅၈၈ဦး လွှတ်ပေးခြင်းမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

မြင်းမူမောင်နိုင်မိုး၏ **"မြန်မာ့စိတ်ဓာတ်"(ကဗျာ)** စာမျက်နှာ (၂)

လှထွန်းဦး၏ **"စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံသစ်ဆီ ဦးတည်ချီတက်နေ" (ကာတွန်း)** စာမျက်နှာ (၆)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ဖွံ့ဖြိုးတိုးတက်လာသည့် ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများ **(ဓာတ်ပုံမှတ်တမ်း)** စာမျက်နှာ (၇)

သတင်းထောက်စိုးသိန်း၏ **"လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် အခန်းဆက်တာဝန် ကျေပွန်ကြ" (ဆောင်းပါး)** စာမျက်နှာ (၈-၉)